ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့
(၂၉. ၃. ၂၀၁၈)ရက်နေ့တွင် **မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
**ဦးစိုင်းလုံ** တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းလုံက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းလုံ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့သည် မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရရှိရန်အတွက်သော်လည်းကောင်း၊ တောင်တန်းပြည်မ ပူးပေါင်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် ပေါ်ထွန်းစေရန် အတွက်လည်းကောင်း စတင်မွေးဖွားပေးသော နေ့ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံသူ/နိုင်ငံသားများမှ မမေ့သင့်၊ မမေ့ထိုက်သော နေ့တစ်နေ့ဖြစ်သည်နှင့်အညီ အဆိုပါနေ့အား ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများနှင့် အများပြည်သူရုံးများ၊ စာသင်ကျောင်းများ၊ အလုပ်ရုံစက်ရုံများကို တရားဝင်ရုံးပိတ်ရက်အဖြစ် ရှမ်းပြည်နယ်အစိုးရမှ သတ်မှတ် ပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံ တင်သွင်းတဲ့ " ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး" အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ဦးစိုင်းလုံတင်သွင်းတဲ့အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။

အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းလုံရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက တင်သွင်းတဲ့အဆိုကို ၂၀၁၈ခုနှစ်၊ မတ်လ ၃၀ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့
(၃၀. ၃. ၂၀၁၈)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းလုံ၏ **“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်း ပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက် အဖြစ် သတ်မှတ်ပေးရေး”** အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ ထားပါတယ်။ ဆွေးနွေးမည့် ကိုယ်စားလှယ်များပေးထားသည့်အချိန်မှာ လိုရင်းကိုရောက်အောင် ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ **“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်း တရားဝင်ရုံးပိတ်ရက် အဖြစ် သတ်မှတ်ပေးရေး”** ဆိုတဲ့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းလုံ၏အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်း (၁၃၅)ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ် ပါတယ်။ မြန်မာနိုင်ငံတွင် အဓိကလူမျိုးကြီး(၈)မျိုးရှိပါတယ်။ ၎င်းတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့်ရှမ်းဟူ၍ ဖြစ်ပါတယ်။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းရာ၌ လူမျိုးစုဖြစ်တဲ့ ဗမာလူမျိုးကို တိုင်းဒေသကြီးအဖြစ် ဖွဲ့စည်းပြီး ကျန်တိုင်းရင်းသား လူမျိုးစု(၇)မျိုးကို ပြည်နယ်များအဖြစ် ဖွဲ့စည်းထားရှိပါတယ်။ ပြည်နယ်များအနက် ရှမ်းပြည်နယ်မှာ အကျယ်ဝန်းဆုံးဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း (၆၀၁၅၅. ၁၇၆)မိုင် ရှိပါတယ်။ ခရိုင်ပေါင်း (၁၃)ခရိုင်၊ မြို့နယ်ပေါင်း (၅၅)မြို့နယ်၊ မြို့(၈၅)မြို့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၄)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း(၁)ခု ပါဝင်ပါတယ်။ ရှမ်းပြည်နယ်ထဲမှာ တိုင်းရင်းသား ပေါင်း(၃၀) ကျော်ခန့် နေထိုင်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်း ကို အနည်းငယ် တင်ပြခွင့်ပြုပေးပါခင်ဗျား။ ရှမ်းပြည်နယ်ကို ရှေးယခင်အခါက ကမ္ဘောဇတိုင်းလို့ခေါ်ပါတယ်။ သမိုင်းတင်စကာလ ပျူခေတ် အတွင်း အေဒီ(၇)ရာစုမှစ၍ ပြည်ထောင်စုနိုင်ငံနယ်နိမိတ်၌ ဖွဲ့စည်း ပါဝင် လာခဲ့ပါတယ်။ ပြည်ထောင်စုနိုင်ငံသည် ပုဂံမင်းတို့အင်အား ကျဆင်းလာသည့်အချိန်တွင် ပြိုကွဲလာသဖြင့် ရှမ်းညီနောင်(၃)ဦး တို့က ကျောက်ဆည်ဒေသကို အခြေစိုက်၍ မြန်မာတို့ကို စည်းရုံးကာ “ပင်းယခေတ်”ကို တည်ထောင်ခဲ့သည်ဟု သမိုင်းမှာ ဆိုထားပါတယ်။

အင်္ဂလိပ်တို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် အုပ်ချုပ်ရေးပုံစံများကို တစ်ပြေးညီ မထားပဲ ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများ၌ ယခင်ကရှိခဲ့သော ပဒေသရာဇ်စနစ်ဟောင်းအတိုင်း စော်ဘွားများ၊ မြို့စားများ၊ ငွေခွန်မှူးများစသော အကြီးအကဲများ၊ ဒူဝါးများ၊ တောအုပ်များ၊ သူကြီးများကို

ပြန်လည် အုပ်ချုပ်ခွင့်ပေး၍ တစ်ဆင့်ခံအုပ်ချုပ်စေခဲ့ပါတယ်။ ယင်းအုပ်ချုပ်မှု စနစ်သည် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို တစ်သီး တစ်ခြားစီ ဖြစ်စေရန် ခွဲခြားခြင်းပင် ဖြစ်ပါတယ်။ တစ်နည်းပြောရရင် သွေးခွဲအုပ်ချုပ်ရေးစနစ်ပင်ဖြစ်ပါတယ်။ အင်္ဂလိပ်တို့သည် မြေပြန့် ဒေသကိုသာ လွတ်လပ်ရေးပေးရန် အစီအစဉ်ရှိပြီး တောင်တန်း ဒေသကို အင်္ဂလိပ်တို့၏ လက်အောက်တွင်သာ ဆက်လက်ထား ရှိလိုသည့်အတွက် ပြည်နယ်/ပြည်မ ခွဲခြား၍ အုပ်ချုပ်စေခြင်း ဖြစ်ပါတယ်။

ယင်းရည်ရွယ်ချက်ကိုသိတဲ့ ရန်ကုန်တက္ကသိုလ်မှ ရှမ်း ကျောင်းသားများက ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားပေါင်း စုံပါဝင်သော ရှမ်းပြည်နယ်ကျောင်းသားများအသင်းကို (၁၉၃၄) ခုနှစ်တွင် စတင်ဖွဲ့စည်း လှုပ်ရှားလာခဲ့ပါတယ်။ ယင်းတက္ကသိုလ် ကျောင်းသားများအသင်းသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂနှင့် လျှို့ဝှက်စွာဆက်သွယ်ကြပါတယ်။ ရှမ်းပြည်နယ်တွင် လည်း အာရှလူငယ်များ အစည်းအရုံးကို ဒေသအနှံ့ ဖွဲ့စည်းလှုပ်ရှား လာခဲ့ကြပါတယ်။ ယင်းလှုပ်ရှားမှုသည် ရှမ်းပြည်နယ်ရှိ ပဒေသရာဇ် များ၊ စော်ဘွားများထိ ပြန့်နှံ့လာခဲ့ပါတယ်။ ရှမ်းပြည်နယ်၏ အရေးအရာ ကိစ္စရပ်များကို သတ်မှတ် ဆုံးဖြတ်ရာတွင် နယ်ရှင် ပဒေသရာဇ် စော်ဘွားများ၏ သဘောထားသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါတယ်။ (၁၉၄၅)ခုနှစ် အကုန်ပိုင်းတွင် မိုင်းပွန်စော်ဘွားကြီး၏ မဟာဒေဝီ ဈာပန၌ စော်ဘွားများ စုမိကြပြီး ရှမ်းပြည်နယ်၏ အရေးအရာကိစ္စရပ်များကို ဆွေးနွေးရန်လမ်းစ ပေါ်လာပါတယ်။ ထို့နောက် စော်ဘွားများအားလုံး အစည်းအဝေး ပြုလုပ်ရန် လိုအပ်သည်ဟု ယူဆသဖြင့် ရှမ်းပြည်နယ်၏ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့၏ အလယ် တွင်ရှိသော မိုင်းကိုင်မြို့၌ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့တွင် စုဝေးကြရန် သဘောတူကြပါတယ်။

မိုင်းကိုင်မြို့ အစည်းအဝေးတွင် ရှမ်းပြည်စဝ်ဖများ ကောင်စီ ခေါ် စော်ဘွားများ အသင်းဖွဲ့စည်းရန်၊ မူဝါဒရေးရာ ဆောင်ရွက်ရန်၊ စဝ်ဖများ ကောင်စီအလုပ်အမှုဆောင် ကော်မတီကို အာဏာကုန် လွှဲအပ်ရန် ဆွေးနွေးခဲ့ကြပါတယ်။ ပထမအကြိမ် ပင်လုံအစည်း အဝေးကို ၁၉၄၆ခုနှစ်၊ မတ်လ(၂၆)ရက်မှ (၂၈)ရက်ထိ ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်၏ အနာဂတ်အရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါ တယ်။ ရှမ်းပြည်နယ်၏ အနာဂတ်အရေးအတွက် လှုပ်ရှား နေကြချိန်တွင် မြေပြန့်ဒေသ၌ လွတ်လပ်ရေးတိုက်ပွဲသည် အရှိန် အဟုန်မြင့်လျက်ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် အင်္ဂလိပ်အစိုးရ၏ ဖိတ်ကြားချက်အရ ဆွေးနွေးပွဲတက်ရောက်ရန် လန်ဒန်သို့ သွားရောက်ခဲ့ပါတယ်။ လန်ဒန်တွင် ရှိနေစဉ် ရှမ်းပြည်စဝ်ဖများကောင်စီ၏ အလုပ်အမှု ဆောင်ကော်မတီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်သဖြင့် တောင်တန်းနယ်များကိစ္စကို ဆွေးနွေး ရန် စော်ဘွားများအား သီးခြားဖိတ်ခေါ်ပါဟု ဘုရင်ခံထံ ကြေးနန်း ရိုက်အကြောင်းကြားလိုက်ပါတယ်။

ဒုတိယအကြိမ် ပင်လုံညီလာခံကို ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ လ (၃)ရက်နေ့မှစ၍ (၁၃)ရက်နေ့ထိ ကျင်းပခဲ့ပါတယ်။ လူထုနှင့် စော်ဘွားများ ပူးပေါင်းရေး၊ မြေပြန့်ဒေသနှင့်ပူးပေါင်း၍ လွတ်လပ် ရေးရယူရေး စသည်တို့ကို ဆောင်ရွက်ကြရာ၌ ၁၉၂၂ ခုနှစ်က ဖွဲ့စည်းခဲ့သော ပဒေသရာဇ်ကောင်စီသည် ကြီးမားသော အဟန့်အတားတစ်ရပ်ဖြစ်သောကြောင့် ရှမ်းပြည် လူထု ခေါင်းဆောင်တစ်ဦးဖြစ်သော “လင်းခေးဦးထွန်းမြင့်”က ပဒေ သရာဇ်ကောင်စီအား လူထုနည်းဖြင့် ဖျက်သိမ်းရန်အဆိုကို ဖေဖော်ဝါရီလ(၇)ရက် နေ့တွင် တင်သွင်းခဲ့ပါတယ်။ ထို့နောက် လူထုကိုယ်စားလှယ်(၇)ဦး၊ စော်ဘွားများကိုယ်စားလှယ်(၇)ဦး၊ ပေါင်း(၁၄)ဦးတို့ ပါဝင်သော ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းကာ ဘုရင်ခံအား ပဒေသရာဇ်ကောင်စီ ဖျက်သိမ်းကြောင်း ကြေညာပေးပါဟူသော စော်ဘွားများ၏ တောင်းဆိုချက်ကို ဘုရင်ခံထံ ကြေးနန်းပေးပို့ခဲ့ ပါတယ်။ အင်္ဂလိပ်တို့ အုပ်ချုပ်နေစဉ်အတွင်း ဘုရင်ခံကို အံတုဖက်ပြိုင်၍ ပထမအကြိမ် အရေးဆိုခဲ့သော ဖေဖော်ဝါရီလ(၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ပင်လုံညီလာခံအတွင်း ဖေဖော်ဝါရီလ(၁၁) ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေးကြီး၌ သတ်မှတ်ခဲ့ပါတယ်။ ရှမ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကြေညာချက်ကို

ထိုအချိန်တွင် ရှမ်းပြည် စော်ဘွားများကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော တောင်ပိုင်း စော်ဘွား (နမ့်ဆန်-ပလောင်) စော်ဘွားကြီးက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြောင်း သမိုင်းအထောက်အထား အရ သိရှိရပါတယ်။ ထိုတောင်ပိုင်း (ပလောင်)စော်ဘွားကြီး၊ စဝ်ခွန်ပန်းစိန်သည် ပင်လုံညီလာခံ၌ သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရပါတယ်။

၁၉၄၇ ခုနှစ်မှစ၍ ဖေဖော်ဝါရီလ(၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့လို့ သတ်မှတ်ရာမှ ရှမ်းပြည်နယ်သည် တိုင်းရင်းသားပေါင်း စုံနေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်သည့်အလျောက် ရှမ်း ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်စားပြုနိုင်စေရန်အတွက် ၁၉၆၀ ခုနှစ်မှစ၍ ရှမ်းပြည်နယ်နေ့ဟု ပြောင်းလဲ ခေါ်ဝေါ် ရာ ယနေ့ထိတိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကဲ့သို့ သမိုင်းအစဉ်အလာကြီးမားသော လွတ်လပ်ရေး၏ အခြေခံလို့ ပြောလို့ရသော ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံး ပိတ်ရက်အဖြစ် သတ်မှတ်ပေးသင့်ကြောင်း မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံ၏အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ကျွန်တော်ကတော့ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ဆွေးနွေးတင်ပြသွား မှာကတော့ ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက်ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင် ရုံးပိတ်ရက် ရက်အဖြစ် သတ်မှတ်ပေးရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်ထဲကို နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက်ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးပါက ရှမ်းပြည် နယ်အတွင်းရှိ တိုင်းရင်းသား အားလုံး စည်းလုံးညီညွတ်မှုအား အတိုင်းမသိ ထောက်ခံမှုကိုရယူနိုင်ခြင်း၊ အမျိုးသားရင်ကြား စေ့ရေးကို အထောက်အကူပြုစေခြင်းနှင့် ၂၁ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကို အထောက်အကူပြုနိုင်ခြင်း၊ ဖက်ဒရယ်ဒီမို ကရေစီနိုင်ငံ တည်ဆောက်ရေးအတွက်လည်း အထောက်အကူပြုစေခြင်းကြောင့် လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်နေ့ ပင်လုံစာချုပ်တွင် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယ မြို့မှ ဓနုတိုင်းရင်းသား ဦးခွန်စောကလည်း အများပြည်သူကိုယ်စား ပါဝင်လက်မှတ်ရေးထိုး ခဲ့သည့်အတွက် ယခုလည်း ဖေဖော်ဝါရီလ(၇)ရက်ကို ရှမ်းပြည်နယ် အတွင်း တရားဝင်ရုံးပိတ်ရက် သတ်မှတ်ပါက ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ တိုင်းရင်းသားပြည်သူများကလည်း လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်သော ရှမ်းပြည်နယ်လွှတ်တော ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တကွ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်သို့ လေ့လာတက်ရောက်လာသူများ အားလုံး မင်္ဂလာပါ

လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းလုံတင်သွင်းသော "ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီ လ(၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး" အဆိုကို ကျွန်တော် ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်၊ ပင်လုံ ပြည်ထောင်စု စာချုပ် ချုပ်ဆိုနိုင်ရန် အရေးကြီးသော အထင်ကရ အစပြုရာ၊ သန္ဓေ တည်ရာ၊ အမြုတေရာ နေ့ရက်၊ သမိုင်း၊ မှတ်တမ်းဝင်နေ့ရက် ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး နေမဝင်အင်ပါယာ ဗြိတိသျှ ကိုလိုနီလက်အောက်မှ ရုန်းကန်လှုပ်ရှား လွတ်လပ်ရေး တောင်းဆို ကြသော လက်အောက်ခံနိုင်ငံများထဲတွင် ကျွန်တော်တို့ နိုင်ငံ သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ကိုလိုနီဘဝတွင် အင်္ဂလိပ်အစိုးရက ပြည်မနှင့် တောင်တန်း ခွဲခြားအုပ်ချုပ်ခဲ့သည်ကိုလည်း အများအသိပင် ဖြစ်ပါတယ်။ ကချင် အုပ်ချုပ်ရေး ဥပဒေ၊ ချင်းတောင်တန်းအုပ်ချုပ်ရေးဥပဒေ၊ ရှမ်းတောင်တန်း အုပ်ချုပ်ရေးဥပဒေစသည်ဖြင့် ခွဲခြားအုပ်ချုပ်ပြီး ကျွန်ုပ်တို့၏ ရှမ်းပြည်တွင် ဗြိတိသျှကော်မရှင်နာဝန်ကြီးက ဖွဲ့စည်း ပေးထားသော စော်ဘွားများသာ ပါဝင်သည့် ရှမ်းအကြီးအကဲများ ကောင်စီ ဖက်ဒရယ်( Federal Council Of Shan Chief )ကို ဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။ ပြည်မတွင် ဒို့ဗမာအစည်းအရုံး၊ ဖဆပလ အစည်းအရုံးမှစ၍ နိုင်ငံရေးအဖွဲ့အစည်းများပေါ်ပေါက် သကဲ့သို့ ကျွန်ုပ်တို့၏ ရှမ်းဒေသတွင်လည်း အာရှလူငယ်မှစ၍ (ရပလ) ရှမ်းပြည်နယ် လွတ်မြောက်အဖွဲ့အထိ နိုင်ငံရေးအဖွဲ့အစည်း များပေါ်ပေါက်ခဲ့ ပါသည်။ ပြည်မတွင် ကိုလိုနီတို့၏ အလိုတော် ရိများနှင့် လွတ်လပ်ရေးကြိုးပမ်းသူများအကြား ပဋိပက္ခလည်း ရှိခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်ထောင်စုလွတ်လပ်ရေး ကြိုးပမ်းမှုမှာ လွယ်လွယ်ကူကူ အဆင်ပြေချောမွေ့ ခဲ့သည့် ပန်းခင်းသောလမ်းဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်မဟုတ်ပါ။ ကိုလိုနီ နယ်ချဲ့အရာရှိ ဘော်တွန်လေနှင့် နယ်ချဲ့အလိုတော်ကြီး ဦးစော ကဲ့သို့သော ပုဂ္ဂိုလ်များက ဗိုလ်ချုပ်အောင်ဆန်းထက် စောစီးစွာ ကြိုတင်၍ ရှမ်းပြည်နယ်သို့ ရောက်ရှိလာပြီး ဗိုလ်ချုပ်အောင်ဆန်း နှင့်မပူးပေါင်းရေး၊ ပြည်မနှင့် မပူးပေါင်းရေး ဗြိတိသျှလက်အောက် တွင် နေထိုင်၍အဆင့်တိုးမြှင့်သော အုပ်ချုပ်ရေးဖြင့်နေထိုင်ရန် သွေးဆောင်ဖြားယောင်း ခဲ့သည်မှာလည်း အများအသိပင်ဖြစ်သည်။ နားထောင်ယုံကြည်ခဲ့ကြသည့် ပုဂ္ဂိုလ်များရှိခဲ့သည်ကိုလည်း အများအသိပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် စိတ်ဓာတ်ကျဆင်း၍ ပြည်ထောင်စုအတွက် မျှော်မှန်းချက် မှေးမှိန် ခဲ့ရသဖြင့် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် (ရပလ) ခေါင်းဆောင် ဦးတင်ဇတို့က ညောင်ရွှေဟော်သို့ တစ်ညအိပ်ခရီး၊ အင်းလေးသို့ အပန်းဖြေ ခေါ်ဆောင်ကာ ပုဂ္ဂိုလ်ရေး ရင်းနှီးမှု နှင့် အပြန်အလှန် ယုံကြည်မှုတို့ တည်ဆောက်ခဲ့ကြသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ကျွန်ုပ်တို့ ရှမ်းဒေသတွင် မူလရှိနေသောFederal Council Of Shan Chief အဖွဲ့ဝင်များနှင့် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ (ရပလ)၊ လူထုခေါင်းဆောင်များအကြား ပဋိပက္ခမှာ ကြီးပင်ကြီး နေငြားသော်လည်း ပြည်မနှင့်တကွ လွတ်လပ်ရေးရယူရေးမှာ ထိပ်တန်းအရေးကြီးကိစ္စဖြစ်လာသဖြင့် အမျှော်အမြင်ရှိသော ရှမ်းခေါင်းဆောင်များက အရေးကြီးပြီ သွေးနီးကြစို့ဟူသော ဥပမာဖြင့် ဤ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့်ပူးတွဲ၍ အတူတကွ လွတ်လပ်ရေး ရယူကြမည် ဟူသော သဘောတူညီမှု ရရှိနိုင်ခဲ့ပါသည်။ ရှမ်းစော်ဘွားများက ကိုလိုနီ ဗြိတိသျှတို့ ဖွဲ့စည်းပေးခဲ့သော မိမိတို့သာ ပါဝင်ပြီး ရှမ်းစော်ဘွား(၇)ဦးနှင့် ရပလခေါင်းဆောင်(၇)ဦး စီပါဝင်သော Shan State Chief ကို ရဲရင့်ခိုင်မာသော သတ္တိ၊ ဆုံးဖြတ်ချက် သံန္နိဋ္ဌာန်ချ၍ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ(၇)ရက်တွင် ဖွဲ့စည်း၍ ရှမ်းပြည်နယ် အနာဂတ်ကို ဖန်တီးကာ ဖေဖော်ဝါရီ(၁၂)ရက် ပြည်ထောင်စု ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ Shan State Chief

တွင် စော်ဘွားများဘက်မှ ပါဝင်သူများမှာ-

(၁) တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းစိန် (ပလောင်လူမျိုး)

(၂) ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် (ရှမ်း၊ အင်း)

(၃) သိန္နီစော်ဘွားစဝ်ဟုံဖ(ရှမ်း)

(၄) မိုးမိတ်စော်ဘွားစဝ်ခွန်ချို(ရှမ်း)

(၅) မိုင်းပွန်စော်ဘွားစဝ်စံထွန်း(ရှမ်း)

(၆) သထုံဆီဆိုင်စော်ဘွားစဝ်ခွန်ကြည်(ပအိုဝ်း)

(၇) သာမခမ်းစော်ဘွား စဝ်ထွန်းအေး (ဓနု)

တို့ဖြစ်ကြပြီး၊

ရပလခေါင်းဆောင်(၇)ဦးမှာ-

(၁) ဦးတင်အေး(အင်း/ရှမ်း)(တောင်ကြီး)

(၂) ဦးထွန်းမြင့်(ရှမ်း)(လင်းခေး)

(၃) ဦးခွန်စော(ဓနု)ပင်လုံ

(၄) ဦးခွန်ထီး(ရှမ်း)ပင်လုံ

(၅) ဦးကြာပု(ရှမ်း)သီပေါ

(၆) စဝ်ယိပ်ဖ(ရှမ်း)သိန္နီ

(၇) ခွန်ဖုံး(ရှမ်း)သိန္နီ

စသည့်လူမျိုးပေါင်းစုံ ရှမ်း ခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ (၇)ရက် ရှမ်းခေါင်းဆောင်များညီညွတ်ရေးမှ ထိုနေ့ကို ရှမ်း အမျိုးသားနေ့အဖြစ် သိန္နီစော်ဘွားစဝ်ဟုံဖက အစပျိုးကျင်းပခဲ့ပြီး ကျယ်ပြန့်စေရန် မိုးမိတ်စော်ဘွားစဝ်ခွန်ချိုက ရှမ်းပြည်နယ်နေ့ အဖြစ် ကျင်းပခဲ့ပါသည်။ ၁၉၄၇ ပြည်ထောင်စုပင်လုံစာချုပ် ချုပ်ဆိုရာတွင်လည်း Shan State Council တွင်ပါဝင်သော ရှမ်းခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ စာချုပ်ချုပ် ဆိုနိုင်ခဲ့ပြီး၊ Gentleman Agreement လူကြီးလူကောင်းတို့၏ သဘောတူညီချက်ကိုလည်း ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုပင်လုံစာချုပ်၏ သန္ဓေတည်ရာ၊ ရှမ်း ခေါင်းဆောင်များ၊ ဗိုလ်ချုပ်အောင်ဆန်းပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် တောင်တန်းပြည်မညီညွတ်ရေး သန္ဓေတည်ရာ ဤဖေဖော်ဝါရီလ (၇)ရက်ကို ရှမ်းပြည်နယ်ခေါင်းဆောင်များ ညီညွတ်ရေး၊ ပြည်ထောင်စုခေါင်းဆောင်များ ညီညွတ်ရေးနမူနာအဖြစ် အစဉ်အောက်မေ့ရမည့် နေ့ရက်ဖြစ်သဖြင့် ရှမ်းပြည်နယ်အတွက် အထွတ်အထိပ်နေ့ထူးနေ့မြတ်အဖြစ်၊ အသိအမှတ်ပြုပိတ်ရက်အဖြစ် သတ်မှတ်ခြင်း၊ အောက်မေ့ဖွယ် အခမ်းအနားကျင်းပခြင်း၊ သမိုင်း ဖြစ်စဉ်များဟောပြောခြင်း၊ ခေါင်းဆောင်ကြီးများကို အောက်မေ့ အလေးပြုခြင်း စသည်တို့ကို ပြုလုပ်ကျင်းပသင့်သဖြင့် မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်အမတ် ဦးစိုင်းလုံ၏ **"ရှမ်းပြည်နယ်အတွက် နှစ်စဉ်ဖေဖော်ဝါရီလ (၇)ရက်၊ ရှမ်း ပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** အဆိုကို ထောက်ခံ ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းအောင်ကျော်ဦးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်း

ဆက်သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖက်ဒရယ်ပြည်ထောင်စုကို သွားနေသည့် အတိတ်ပြည်ထောင်စု နိုင်ငံတော် ပေါ်ပေါက်လာ ရခြင်း၏ နောက်ခံသမိုင်း၊ မှတ်တမ်းအချက်အလက်များကို ပြန်ပြီး လေ့လာဆန်းစစ် ရမည်ဆိုပါက ဖေဖော်ဝါရီလ ၇ ရက်နေ့၊ ရှမ်း အမျိုးသားနေ့ဟုဆိုဆို၊ ရှမ်းပြည်နယ်နေ့ ဟုသတ်မှတ်သတ်မှတ် ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့သည် တောင်တန်း နှင့်ပြည်မ လွတ်လပ်ရေးကို အတူတကွရယူကြရန် အတွက် ရှမ်းပြည်နယ်မှ နယ်ပိုင်စော်ဘွားနှင့် တိုင်းရင်းသားလူထုခေါင်းဆောင်များက အတွေးသစ် အမြင်သစ် တစ်ခုရရှိပြီး၊ ရှမ်းပြည်နယ်အတွက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလိုလားသည့် ရှမ်းပြည်နယ်လူထု၏ တောင်းဆို ချက်ကို ဗြိတိသျှအစိုးရမှ ငြင်းပယ်သည့်တိုင် အကျိုးဆက်အားဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ(၁၂)ရက်နေ့တွင် ရှမ်းပြည်ထောင်စု(Federal Shan State)ကချင်တောင်တန်းဒေသ၊ ချင်းတောင် တန်းဒေသ၊ မြန်မာပြည်မမှ ကိုယ်စားလှယ်များက လွတ်လပ်ရေးကို အတူတကွ ရယူကြရန်အတွက် သဘောတူညီမှုပင်လုံစာချုပ် လက်မှတ် ရေးထိုးခဲ့ကြသည်ကို သမိုင်းကြောင်းအရ သိရှိခဲ့ရ ပါတယ်။ ထိုနေ့ကို အစွဲပြု၍ ပြည်ထောင်စုနေ့ဟု သတ်မှတ် ခဲ့ကြပါတယ်။ ထို့ကြောင့် ပြည်ထောင်စုနေ့အဖြစ် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ မတိုင်မီ ဖေဖော်ဝါရီလ(၇)ရက်နေ့ကို ရှမ်းပြည်ထောင်စု (Federal Shan State) နယ်ပိုင်စော်ဘွားများ ဖြစ်ကြသော ရှမ်းစော်ဘွားများ၊ တအာင်း၊ ပလောင်၊ ခနု၊ ပအိုဝ့်၊ အင်း စသည်နှင့် ရှမ်းပြည် နိုင်ငံရေးလှုပ်ရှားမှု လူထုခေါင်းဆောင်များ ဦးဆောင်ပါဝင်ပြီး ရှမ်းအမျိုးသားနေ့ ( Shan National Day)၊ ယခုအခေါ် ရှမ်းပြည်နယ်နေ့အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ် ကိုယ်စားပြု ရှမ်းပြည်နယ်အလံကိုလည်းကောင်း သတ်မှတ်နိုင်ခဲ့ သော ရှမ်းပြည်နယ်အတွက် အရေးပါသည့်အပြင် ပြည်ထောင်စု သမိုင်းအတွက် အရေးပါသည့် နေ့တစ်နေ့လည်းဖြစ်ပါသည်။

ထို့ကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်များတွင် ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ရှမ်းအမျိုးသားနေ့၊ ယခုအခေါ် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်ပွဲများအဖြစ် အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ နှင့် နှစ်စဉ်ကျင်းပခဲ့ကြပြီး ဥပမာ မှတ်သားမိသည်မှာ ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ ရှမ်းပြည်နယ်နေ့ အခမ်းအနားများကို မကျင်းပနိုင်ခဲ့သည်မှာလည်း ဝမ်းနည်းဖွယ် တွေ့ရှိရပါသည်။သမိုင်းစာမျက်နှာမှာလည်း ကွယ်ပျောက် လုနီးပါး ဖြစ်နေပါတယ်။ ဤကဲ့သို့ သမိုင်းဝင် နေ့ထူးနေ့မြတ် အကြောင်းကို နောင်လာမျိုးဆက်သစ် လူငယ်များအတွက် သယ်ဆောင်မပေးနိုင် သည့်အပြင် ရှမ်းပြည်နယ်နေ့ဆိုသည့် သမိုင်းဝင်နေ့တစ်နေ့ကိုပင် အောက်မေ့သတိရခြင်း မရှိတော့သည့်အဖြစ်သို့ ရောက်ရှိကြပြီ ဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယခု ၂၀၁၇-၂၀၁၈ စာသင်နှစ် အတန်းတင် စာမေးပွဲကို ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် သတ်မှတ် ဖြေဆိုခဲ့သည်အထိ သမိုင်းဝင်နေ့ရက်ကို မေ့ပျောက်နေကြပြီ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ဖက်ဒရယ်ပြည်ထောင်စုသို့သွားရာတွင် နောင်လာ နောက်သားလူငယ်များ၊ အနာဂတ် တိုင်းပြည်၏အရေးကို ပခုံးပြောင်း လွှဲပြောင်းရယူမည့်သူများ ဖြစ်သည့်အတွက် မိမိတို့၏ သမိုင်းဝင် နေ့ရက်ကို ပြန်လည်သိရှိနိုင်ရန်အတွက် ရှမ်းအမျိုးသားနေ့၊ ယခုအခေါ် ရှမ်းပြည်နယ်နေ့ကို သမိုင်းဝင်နေ့ရက်အဖြစ်မှ မကွယ် ပျောက်ရေးအတွက် ဦးစိုင်းလုံတင်သွင်းသော **“ရှမ်းပြည်နယ် အတွက်နှစ်စဉ်ဖေဖော်ဝါရီလ(၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး”** အဆိုကို လေးလေးနက်နက် ထောက်ခံ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စား လှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့

ဆုမွန်ကောင်းတောင်းအပ်ပါတယ်။**"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက်၊ ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံ လွှတ်တော်သို့ တင်သွင်းလာသော အဆိုကို ကျွန်မ သိန္နီမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ ဤအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လွန်ခဲ့သော နှစ်ပေါင်း(၇၁) အတိအကျပြော ရရင် (၇. ၂. ၁၉၄၇)တွင် ရှမ်းလူမျိုး အတွက်သာမက ပြည်ထောင်စု မြန်မာနိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ သမိုင်းကြောင်းတစ်ခု ပင်လုံမြို့မှာ စတင်သန္ဓေတည်ခဲ့တယ်ဆိုတာကို ဘယ်သူမှ ငြင်းချက်ထုတ်နိုင်မှာ မဟုတ်ပါဘူး။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဖေဖော်ဝါရီလ (၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့လို့ အစွဲပြု ခေါ်ဝေါ် ခဲ့ပေမဲ့ အဲဒီခေတ်ကာလ အခြေအနေအရ အနှစ်သာရနဲ့ ဦးတည်ချက် ကတော့ လူမျိုးပေါင်းစုံ ရှမ်းပြည်သူပြည်သားများတစ်ရပ်လုံးကို ကိုယ်စားပြုရန် ရည်ညွှန်းခဲ့ခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ပင်လုံစာချုပ်ချုပ်ဆိုတဲ့နေ့ တစ်နေ့လည်း ဖြစ်ပါတယ်။ ပင်လုံညီလာခံ ကို ရှမ်း၊ ကချင်၊ ချင်းတောင်တန်း ဒေသမှ ညီအစ်ကိုများက မြေပြန့်ဒေသ ဗမာတွေနဲ့ လွတ်လပ်ရေးယူဖို့ သဘောတူခဲ့ကြပါတယ်။ ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ(၁၂) ရက်နေ့၊ ၁၉၄၇ခုနှစ် ပင်လုံမြို့မှာ ချုပ်ဆိုခဲ့ကြပြီး ၎င်းနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

ပင်လုံစာချုပ်ဆိုတာ ရှမ်းမရှိရင်ဖြစ်လာမှာ မဟုတ်သလို ယခု ကျွန်မတို့ တိုင်းရင်းသားအားလုံး မှီတင်း နေထိုင်လျက်ရှိတဲ့ ပြည်ထောင်စုဆိုတာ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် ပြည်ထောင်စုရဲ့ အဓိကဗဟို ကတော့ ရှမ်းဖြစ်တယ်ဆိုတာကို သမိုင်းမှာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော ကိုယ်စားလှယ်ကြီးများမှာ-

(၁) ဗိုလ်ချုပ်အောင်ဆန်း (ဗမာပြည်ခေါင်းဆောင်)
(၂) စဝ်ခွန်ပန်းစိန် (တောင်ပိုင်းစော်ဘွား)
(၃) စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား)
(၄) စဝ်ဟုံဖ (မြောက်ပိုင်းသိန္နီစော်ဘွား)
(၅) စဝ်နွံ (လဲချားသိန္နီစော်ဘွား)
(၆) စဝ်စံထွန်း (မိုင်းပွန်သိန္နီစော်ဘွား)
(၇) စဝ်စောထွန်းအေး ဆာသာမိုင်းခမ်း (အောင်ပန်း)
(၈) ခွန်ဖုန်း (လူထုကိုယ်စားလှယ်တော်ကြီး)
(၉) ဦးတင်အေး (လူထုကိုယ်စားလှယ်တော်ကြီး)
(၁၀) ဦးကြာပု (လူထုကိုယ်စားလှယ်သီပေါ)
(၁၁) စဝ်ယိဖေ (လူထုကိုယ်စားလှယ်)
(၁၂) ဆမားဒူဝါဆင်ဝါနောင် (ကချင်ကိုယ်စားလှယ်မြစ်ကြီးနား)
(၁၃) ဒူဝါဖော်ရစ် (ကချင်ကိုယ်စားလှယ်မြစ်ကြီးနား)
(၁၄) ဦးခွန်ထီး (လူထုကိုယ်စားလှယ်ပင်လုံ)
(၁၅) ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်မောက်မယ်)
(၁၆) ဦးခွန်စော (လူထုကိုယ်စားလှယ်ပင်းတယ)
(၁၇) ဦးဖြူ (ဆီဆိုင်စော်ဘွားကိုယ်စားလှယ်)
(၁၈) ဦးစိန်ရတန် (ကချင်ကိုယ်စားလှယ်မြစ်ကြီးနား)
(၁၉) ဒူဝါဇော်လွန်း (ကချင်ကိုယ်စားလှယ်ဗန်းမော်)

(၂၀) ဦးလဘန်းဂရောင်း (ကချင်ကိုယ်စားလှယ်ဗန်းမော်)

(၂၁) ဦးလှုမှုန် (ချင်းကိုယ်စားလှယ်ဖလမ်း)

(၂၂) ဦးသောင်ဇာနုတ် (ချင်းကိုယ်စားလှယ်တီးတိန်)

(၂၃) ဦးကီးယိုမာန် (ချင်းကိုယ်စားလှယ်ဟားခါး) တို့ဖြစ်ကြပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ဗမာကိုယ်စားလှယ်(၁)ဦး၊ ရှမ်းကိုယ်စားလှယ်(၁၄)ဦး၊ ကချင်ကိုယ်စားလှယ် (၅)ဦး၊ ချင်းကိုယ်စားလှယ်(၃)ဦး၊ စုစုပေါင်း(၂၃)ဦး တက်ရောက်လက်မှတ် ရေးထိုးခဲ့ပါတယ်။ ရှမ်းပြည်နယ်နေ့ ဖေဖော်ဝါရီ(၇)ရက်နေ့ကို ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်သော လူမျိုးပေါင်းစုံ ရှမ်းပြည်သူ ပြည်သားများ ကိုသာ ကိုယ်စားပြုသည့် အခြားပြည်နယ်နှင့် တိုင်း ဒေသကြီးတွင်း မှီတင်းနေထိုင်သော ရှမ်းလူမျိုးများတို့နှင့် သက်ဆိုင်ခြင်း မရှိပါ။ ယခုကျွန်မတို့ တိုင်းရင်းသားအားလုံး တက်ရောက်သော လွှတ်တော်သည် ရှမ်းပြည်နယ် လွှတ်တော်ဖြစ်သလို ကျွန်မတို့ နေထိုင်သော ပြည်နယ်သည်လည်း ရှမ်းပြည်နယ်သာ ဖြစ်သည်။ ရှမ်းပြည်နယ်နေ့ကို တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အဆိုသည်လည်း တစ်နိုင်ငံလုံးကို လွှမ်းခြုံစရာ မလိုပဲ ရှမ်းပြည်နယ်အတွက်သာ သတ်မှတ်ပေးရန် ဖြစ်ပါတယ်။ ပြက္ခဒိန်ထဲတွင် ထည့်သွင်း ရေးသားရန် မလိုပါ။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကောင်ထည်ဖော်ဆောင်ရွက် နိုင်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ ကျန်တဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများလည်း ဒီအဆိုကို ထောက်ခံမယ် လို့လည်း ယုံကြည်မျှော်လင့်မိပါတယ်။

ကျွန်မတို့ ကျောင်းသူဘဝနဲ့ ကျွန်မဝန်ထမ်းဘဝမှာတုန်းက ဆိုရင် ရှမ်းပြည်နယ်နေ့အကြို (၆)ရက်နေ့ညမှာတောင် ဂုဏ်ပြု ညစာစားပွဲတည်ခင်း ဧည့်ခံခဲ့တာတွေလည်း အမှတ်ရနေဆဲပါ။ ဖေဖော်ဝါရီလ (၇)ရက်နေ့ဆိုရင် အခမ်းအနားတွေ ကျင်းပပြီး ပျော်ပွဲ ရွှင်ပွဲများ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်အောင် မွေးထုတ်ပေးခဲ့တဲ့ နေ့ထူးနေ့မြတ်ရက် ဖြစ်သလို ကျွန်မတို့နိုင်ငံရဲ့ အမေနေ့ဆိုလဲ မမှားပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ (၂၈. ၃. ၂၀၁၈)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ချင်းပြည်နယ်လွှတ်တော်မှာလည်း ဖေဖော်ဝါရီလ (၂၀)ရက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ် နယ်နိမိတ်အတွင်း တရားဝင်အစိုးရ ရုံးပိတ်ရက်အဖြစ် သတ်မှတ်အတည်ပြုသွားတာကိုလည်း Social Media များကနေတစ်ဆင့် သိရပါတယ်။ ဒါကြောင့် မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံတင်သွင်းသော **"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်း တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ် အပ်ပါ တယ်ရှင်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းကိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ် အတွင်း အစိုးရ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးသို့ တင်သွင်းတဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခြားလွှတ်တော်ကိုယ်စားလှယ်ကြီး များလည်း ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားပြီး ဖြစ်တာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်အနေနဲ့ အကျဉ်းချုပ်သာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ သမိုင်းကြောင်းကို အနည်းငယ် ပြန်လည်ဖော်ညွှန်း တင်ပြရမယ်ဆိုရင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇

ရက်နေ့မှာ ဗြိတိသျှအစိုးရရဲ့ ကိုယ်စားလှယ်၊ ဘော်တွမ်လေဟာ ဗြိတိသျှ ဘုရင်ခံရဲ့ အမှုဆောင် (ဝန်ကြီး) အဖွဲ့ဝင်များ ဖြစ်ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွဋ်၊ စောဘဦးကြီး၊ မန်းဘခိုင်တို့နဲ့ တွေ့ဆုံပြီး တောင်တန်းဒေသအရေးကို ရန်ကုန်မြို့မှာ ဆွေးနွေးခဲ့ကြတဲ့နေ့ရက်ဖြစ်သလို အဲဒီနေ့ရက်မှာပဲ ရှမ်း၊ ကချင်၊ ချင်း၊ အင်းသား၊ ဓနု၊ ပလောင်၊ ပအိုဝ်း ခေါင်းဆောင်ကြီးများဟာ ပင်လုံမြို့မှာ မိမိတို့ တိုင်းရင်းသားအလိုက် ဆွေးနွေးခြင်း၊ တိုင်းရင်းသားကိုယ်စားလှယ်များ စုပေါင်း၍ ဆွေးနွေးခြင်း စသည်ဖြင့် မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရဖို့အတွက် အကြိတ်အနယ် ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီလို တိုင်းပြည်လွတ်လပ် ရေးရဖို့အတွက် ဆွေးနွေးခဲ့ကြတဲ့အထဲမှာ ကချင် ခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဒူဝါဇော်ရစ်၊ ဦးဒိန်ရတန်၊ ဒူဝါဇော်လ၊ ဒူဝါဇော်လွန်း၊ ဦးရဘန် ဂရောင်၊ ချင်းတိုင်းရင်းသား ခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ဦးလျှာမှုန်း၊ ဦးတောင်ဇာခုပ်၊ ဦးကီယိုမန်း၊ ဦးဝမ်ကိုဟောတို့အပြင် ရှမ်းပြည်နယ်မှ ရှမ်းတိုင်းရင်းသားခေါင်းဆောင် စော်ဘွားကြီးများ ဖြစ်ကြတဲ့ စဝ်ရွှေသိုက်၊ စဝ်စံထွန်း၊ စဝ်ဟုံဖ၊ စဝ်ယိပ်ဖ၊ စဝ်နွံ၊ စဝ်ထွန်းဧ၊ ဦးခွန်ထီးတို့ ပါဝင်ခဲ့ကြသလို ဓနုတိုင်းရင်းသား ခေါင်းဆောင်ကြီး ဖြစ်တဲ့ ပင်းတယ ဦးခွန်စော၊ ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင်ကြီး ဦးဖြူ ပလောင်တိုင်းရင်းသားခေါင်းဆောင်ကြီး တောင်ပိုင်း စော်ဘွား စဝ်ခွန်ပန်းစိန်၊ အင်းတိုင်းရင်းသားခေါင်းဆောင်ကြီးဖြစ်တဲ့ ဦးတင်ဧ၊ မွန်မြန်မာလူမျိုးဖြစ်တဲ့ ခေါင်းဆောင်ကြီး လင်းခေး ဦးထွန်းမြင့်တို့ ပါဝင်ခဲ့ကြပါတယ်။ ဒီနေ့မှာပဲ မြန်မာပြည် ပြည်မနှင့် မနေ့အမြန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ရေးကို အတူရယူကြမည်ဆိုတဲ့ သဘောတူ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့တဲ့ နေ့ရက်ဖြစ်ခဲ့ပါတယ်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်နေ့မှာ ကျင်းပသော ပင်လုံညီလာခံမှာ အားလုံးသဘောတူ တညီတညွတ်တည်း ဆုံးဖြတ်ကြရာမှာ လွတ်လပ်ရေးကို အတူတကွ ပူးပေါင်းရယူကြမယ်လို့ ဆုံးဖြတ်ခဲ့တဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းအမျိုးသားနေ့၊ ယခု ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကြောင်းကို တောင်ပိုင်း စော်ဘွားကြီး စဝ်ခွန်ပန်းစိန် (စော်ဘွားများ အစည်းအရုံး ဥက္ကဋ္ဌ) မှ ၁၁. ၂. ၁၉၄၇ရက်စွဲနဲ့ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။ ယနေ့အချိန်မှာ ဖြစ်ပေါ်တည်ရှိနေတဲ့ ပြည်ထောင်စုနေ့ကြီးရဲ့ သန္ဓေတည်စတင်ရာ လွတ်လပ်ရေးရဲ့ ရောင်ခြည်တန်းဖြစ်ခဲ့ပြီး မင်္ဂလာရှိသော နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ခဲ့ကြောင်းကို ၁၉၉၀ ပြည့်နှစ် က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မှူးကြီး စောမောင်ရဲ့ ဆွေးနွေး ညွှန်ကြားမှုနဲ့ ထုတ်ဝေခဲ့တဲ့ သမိုင်းဖြစ်ရပ်မှန်များကို ပြုစုထားတဲ့ တိုင်းရင်းသားလူမျိုးများအရေး နှင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေစာအုပ်မှ သမိုင်းအထောက်အထား တစ်ချို့ကို ကောက်နှုတ်ကိုးကား တင်ပြရခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လက်ရှိ မြန်မာနိုင်ငံမှာ ကရင်နှစ်သစ်ကူးကဲ့သို့သောနေ့မျိုး ကိုတောင် နိုင်ငံတော် အစိုးရမှ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြဋ္ဌာန်း ပေးထား တာကိုတွေ့ရမှာဖြစ် ပါတယ်။ ဖေဖော်ဝါရီလ(၇)ရက်နေ့ဟာ ဆိုရင်လဲ မိမိတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝ မြန်မာ့ဆိုရှယ် လမ်းစဉ်ပါတီခေတ်မှာလဲ အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ် ပြဋ္ဌာန်းပေးခဲ့တာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသလို သမိုင်းအထောက် အထားများအရလည်း သိရှိရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၈. ၃. ၂၀၁၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ချင်းပြည်နယ်လွှတ်တော်မှာ ချင်းအမျိုးသား နေ့ ကို ချင်းပြည်နယ် နယ်နိမိတ်အတွင်း အစိုးရ ရုံးပိတ်ရက်ဖြစ် သတ်မှတ်အတည်ပြုနိုင်ခဲ့တာကို ပြည်တွင်းသတင်း များအရ သိရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ သမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့ ဖေဖော်ဝါရီလ (၇)ရက်နေ့ကို ရှမ်းပြည်နယ် နယ်နိမိတ်အတွင်း အစိုးရရုံးပိတ်ရက် အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးရန် တင်သွင်းလာတဲ့ မိုင်းကိုင်မြို့နယ် လွှတ်တာ်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ အဆိုအပေါ် မိမိအနေနဲ့ အပြည့်အဝ လေးလေးနက်နက် ထောက်ခံ ပါကြောင်း နှင့် ယခု လွှတ်တော်သို့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံးမှလည်း ယုံကြည်လက်ခံပြီး သဘောတူထောက်ခံ ကြလိမ့်မယ်လို့

ယုံကြည်ရင်းဆွေးနွေးမှုကို ဒီမှာပဲ ရပ်နားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံတင်သွင်းသော အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက အသီးသီး ထောက်ခံဆွေးနွေးသွားတာဖြစ်ပါတယ်။ဒါကြောင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ(င) အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က သဘောထားမှတ်ချက် နှင့်တကွ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း။

**ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ် ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံတင်သွင်းသည့် **“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေးအဆို”**နှင့် စပ်လျဉ်း၍ ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြက္ခဒိန်နှစ် အလိုက် နှစ်စဉ် သတ်မှတ်ကြေညာ ပေးလျက်ရှိပါတယ်။ ၂၀၁၈ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့်လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ ဥပဒေ ပုဒ်မ ၂၅ အရ ပြည်ထောင်စုအစိုးရ အဖွဲ့မှ ၂၃. ၅. ၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၃/၂၀၁၇ ဖြင့် အများပြည်သူတို့၏ အလုပ်ပိတ်ရက်များအား ၂၅ ရက် သတ်မှတ်ကြေညာပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်အထိမ်းအမှတ် ပွဲတော်များကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၂. ၁၂. ၂၀၁၂ ရက်စွဲပါ စာအမှတ် ၁၆/၉၄၈-အထွေထွေ/အဖရ(၂၀၁၂)ဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းဒေသကြီး ၇ခု၊ ပြည်နယ် ၇ခုဖြင့် ဖွဲ့စည်း ထားရှိပြီး မိမိတို့၏ပြည်နယ်အလိုက် ပြည်နယ်နေ့များကို သတ်မှတ်ထားရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းများလျင်မြန် သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ တရားဝင်ရုံးပိတ်ရက်များ ပိုမိုများပြားလာမှု မဖြစ်ပေါ်စေရေးအတွက် မည်သည့်နေ့ကိုမျှ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားခြင်းမရှိသော်လည်း မိမိဒေသ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း နှင့်အညီ ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် အခမ်းအနားများကို ကျင်းပသွားရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်၍ နှစ်စဉ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် ရှမ်းပြည်နယ်နေ့ကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါနေ့အား ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများ၊ အများပြည်သူရုံးများ၊ စာသင်ကျောင်းများနှင့် အလုပ်ရုံစက်ရုံများကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေး ရေးအဆို တင်သွင်းခြင်း နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေး၍ မရပါကြောင်း၊ ရုံးများ၏ပိတ်ရက်နှင့် အများပြည်သူတို့၏ အလုပ်ပိတ်ရက်များအား ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ် သတ်မှတ်ကြေညာပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှလည်း မည်သည့် ပြည်နယ်နေ့ ကိုမျှ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားခြင်း မရှိသော်လည်း မိမိဒေသ၏ရိုးရာ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းနှင့်အညီ ပြည်နယ်အစိုးရများ၏ အစီ အစဉ်ဖြင့် အခမ်းအနားများကို ကျင်းပသွားရန် ညွှန်ကြားထားပြီး

ဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၁၆(ခ)တွင် "ရှမ်းပြည်နယ် အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် စပ်လျဉ်း သောကိစ္စရပ်များ"ကို အဆိုတင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ယခုတင်ပြသောအဆိုသည် ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက် ပေးနိုင်သော ကိစ္စမဟုတ်ဘဲ ပြည်ထောင်စုအဆင့်ကသာ ဆောင်ရွက်ပေးနိုင်သော ကိစ္စဖြစ်သဖြင့် ယခု အဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးပြီး ကောင်းမွန် သောလုပ်ငန်း ကိစ္စရပ်များဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒီအဆိုကို ပြည်ထောင်စုအစိုးရသို့ တင်ပြ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မိမိရဲ့ ပြည်နယ်လုပ်ပိုင်ခွင့်မူဘောင် အတွင်းမှာ မရှိတဲ့အတွက် ပြည်ထောင်စုအစိုးရထံ ဆက်လက်တင်ပြဆောင်ရွက်မည့် အစီအစဉ် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ယခုတင်သွင်းတဲ့အဆိုကို ကျွန်တော်တို့ ပြည်နယ် လွှတ်တော် အစည်းအဝေးမှာ အတည်ပြုရေး/မပြုရေး၊ မှတ်တမ်းတင်ရေး/ မတင်ရေးဆိုတဲ့ ကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်တို့ တိကျစွာဆောင်ရွက်ဖို့ရှိပါတယ်။ အဲ့ဒါကြောင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(ဆ) အရ အဆိုတင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်က နောက် တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော် တင်သွင်းတဲ့ အဆိုဟာ ရှမ်းလူမျိုးတစ်မျိုးတည်း၏ အကျိုးအတွက်သာဖြစ် သည်ဟု အပေါ်ယံကသာ မြင်ကြပါတယ်။ ဒီအဆိုကိုမှတ်တမ်းတင် သင့်ကြောင်း ကျွန်တော်မငြင်းလိုပါ။သို့သော် ဤကဲ့သို့ မဟုတ်ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ သွေးစည်းညီညွတ်ခြင်း ကို ကမ္ဘာက သိအောင်ကြေညာနိုင်သောနေ့၊ ထိုမှတစ်ဆင့် ပြည်ထောင်စု စိတ်ဓါတ်သည် တိုင်းရင်းသားများ အားလုံး၏ တူညီသောဘုံ စိတ်ဓါတ်ဖြစ်ကြောင်း တိုင်းရင်းသား အချင်းချင်းမှ ရဲရင့်စွာ စတင်ရင်ဖွင့်ကြသောနေ့၊ တိုင်းရင်းသားများအတွက် လွတ်လပ်ရေး ကို မွေးဖွားပေးသောနေ့၊ လွတ်လပ်ပြီး တိုင်းရင်းသားများ အားလုံး အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် တောင်တန်း- ပြည်မပူးပေါင်းရေးကျောက်တိုင် စိုက်ထူနိုင်သောတိုင်းရင်းသားများ စတင်သဘောတူစေသောနေ့ စသည်တို့ အားလုံးသည် မိမိရှမ်း လူမျိုးတစ်မျိုး အတွက် အဓိကမထားဘဲ တိုင်းရင်းသားအားလုံး၏ အရေးကိုရှေ့တန်းတင်သောနေ့ ဖြစ်ကြောင်းကို မိမိရှမ်းလူမျိုး သာမက ရှမ်းပြည်အတွင်းနေထိုင်ကြသော တိုင်းရင်းသားများမှ အထူးဂုဏ်ယူလိုသော စိတ်ဆန္ဒဖြင့် တင်ပြတောင်းဆိုရခြင်းဖြစ်ပါသောကြောင့် မှတ်တမ်းတင်ခြင်းမပြုဘဲ ချက်ချင်းပွင့်လင်းစွာ သိလိုပါသဖြင့် မဲစနစ်ဖြင့် ဆုံးဖြတ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းက ဒီအဆိုကို ပြည်ထောင်စု အဆင့်သို့ ပေးပို့ပြီးတင်ပြသွားတာရှိသလို အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်အနေနဲ့ ၎င်းအဆိုကို အတည်ပြု ပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒကိုခံယူလိုကြောင်း တင်ပြလာတာ ကိုတွေ့ရှိရပါ တယ်။ ကျွန်တော်တို့ အစည်းအဝေး (ပထမနေ့)မှာ ဆန္ဒမဲရေတွက် ရာတွင် စက်ခလုတ်သုံးစွဲပြီး ဆောင်ရွက်ဖို့ အစီအစဉ်ရှိကြောင်း တင်ပြခဲ့ပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း စက်ပိုင်းဆိုင်ရာ တိကျမှု(Accuracy)၊ နည်းပညာပိုင်းဆိုင်ရာအမှား(Error) မရှိမှုနှင့် ကိုယ်စားလှယ်များရဲ့ လေ့ကျင့်မှု (Practise) ပေါ်မူတည်၍ စက်ခလုတ်ကို အသုံးပြုဖို့ အစီအစဉ် ရှိကြောင်း တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် အစည်း အဝေးမှာ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲရေတွက်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေမှာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ၂၀၁၃နှစ်၊ ရှမ်းပြည်နယ်

လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ ဆန္ဒမဲများကို စက်ခလုတ်သုံးပြီး ရေတွက်ခြင်း မပါရှိသေးသည့်အတွက် ဆန္ဒမဲများ ကို စက်ခလုတ်သုံးပြီး ရေတွက်မည်ဆိုပါက ၂၀၁၃နှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ အစားထိုး ပြင်ဆင်ရမှာဖြစ် ပါတယ်။ ဒီလို နည်းဥပဒေကို အစားထိုးပြင်ဆင်နိုင်ဖို့အတွက် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေကိုပြင်ဆင်သည့် နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ် များထံ ဒီကနေ့ (၁၀. ၃. ၂၀၁၈) ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသည့်ရက်မှ စတင်၍ရက်ပေါင်း(၉၀)အတွင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ရန်မရှိပါက အစားထိုးသည့် နည်းဥပဒေဟာ အတည်ဖြစ်ပြီး စက်ခလုတ် အသုံးပြုခြင်းကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး က ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းခဲ့တဲ့အခါမှာ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ယခုလိုပဲ ဖြေကြားသွားတဲ့ အဖြေမျိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီအဆိုဟာ အတည်ပြုသည်ဖြစ်စေ၊ မှတ်တမ်းတင်သည်ဖြစ်စေ ပြည်ထောင်စုအစိုးရရဲ့ ဆောင်ရွက်နိုင်ခွင့် ရှိတာဖြစ်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဒီအဆိုကို လစ်လျူရှုထားဖို့ တော့မဟုတ်ပါဘူး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒီအဆို နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရကို လိုအပ်သလို တင်ပြပြီး လမ်းညွှန်မှုခံယူဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ တစ်ဆက်တည်းမှာပဲ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်အနေနဲ့ လည်းပဲ မိမိကိုယ်စားလှယ်ထဲက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို ညှိနှိုင်းပြီးတော့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်တွေမှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ထပ်မံတင်ပြဖို့ အကြံပြုလိုပါတယ်။ တစ်ဖက်ကလည်းပဲ ကျွန်တော်အနေနဲ့ ဒီအဆိုနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ကို ပါဝင်ဖွဲ့စည်းထားတဲ့ (MPU)လို့ခေါ်တဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့မှာ ကျွန်တော့် အနေနဲ့ တင်ပြဖို့ အစီအစဉ်ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ မန်မာနိုင်ငံလွှတ်တော်အဖွဲ့မှာ ပြည်ထောင်စု လွှတ်တော် နာယက၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ နှင့် တိုင်းနှင့်ပြည်နယ် ဥက္ကဋ္ဌတွေပါဝင်တာ ဖြစ်သည့်အတွက် (MPU) အစည်းအဝေးမှာတင်ပြသွားမှာ ဖြစ်ကြောင်း ကျွန်တော်အနေနဲ့ ပြောကြားလိုပါတယ်။

ယခု အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆန္ဒ အရ လွှတ်တော်ရဲ့ဆန္ဒခံယူမှာဖြစ်ပါတယ်။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်းအဆိုကို အတည်ပြုပေးဖို့ လွှတ်တော်ရဲ့ဆန္ဒကိုခံယူ လိုကြောင်း တင်ပြလာတာဖြစ်သည့် အတွက် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က)အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါ တယ်။ ယခု ကျွန်တော်တို့ ဒီကနေ့ ညနေပိုင်းမှာ အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်များမှာ ကျွန်တော် အပါအဝင် (၁၁၈)ဦး ရှိတာတွေ့ရှိရပါတယ်။ဆန္ဒမဲပေးသည့်နေရာ မှာ ဥက္ကဋ္ဌမပါဘဲ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူ ကိုယ်စားလှယ်အနေနဲ့ ဆိုရင် (၁၁၇)ဦးရှိမှာဖြစ်ပါတယ်။ ယခု အဆိုကိုအတည်ပြုရန် သဘောတူ သည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာတွင် မတ်တပ်ရပ် ၍ဆန္ဒပြုရန်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံး အဖွဲ့မှ အပိုင်းလိုက်သေချာ ရေတွက်ပေးရန် ဖြစ်ပါတယ်။

အားလုံးထိုင်နိုင်ပါပြီ။ ကြားနေမတ်တပ်ရပ်၍ ဆန္ဒပြုစေ လိုပါတယ်။ ကြားနေမရှိတဲ့အတွက်ကျန်တာ တွေက ကန့်ကွက်တဲ့ အနေအထား ဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဟာ(၁၁၈)ဦး ရှိပြီး၊ ကျွန်တော့်ကို နုတ်လိုက် မည်ဆိုရင် (၁၁၇)ဦးရှိမှာဖြစ်ပါတယ်။ မတ်တပ်ရပ်သောနည်းနဲ့ ဆန္ဒပြုတဲ့အခါမှာ ထောက်ခံမဲ အရေအတွက် (၅၈)မဲ ဖြစ်ပြီး၊ ကြားနေမရှိဘဲ ကန့်ကွက်မဲ အရေအတွက် (၅၉)မဲဖြစ်ပါတယ်။

အဆိုကို အတည်ပြုရန် ဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်၊ ကြားနေလွှတ်တော်ကိုယ်စားလှယ်နဲ့ ကန့်ကွက်သည့်လွှတ်တော် ကိုယ်စားလှယ်ကို ရေတွက်သည့်အခါမှာ ထောက်ခံသူ (၅၈)ဦး၊ ကြားနေမရှိ၊ ကန့်ကွက်သူ (၅၉)ဦးရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အဆိုကို အတည်ပြုရန်ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေသည်များသဖြင့် ၎င်းအဆိုအား မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။